ချက်ချင်းထုတ်ပြန်ရန်
ဧပြီ ၃၊ ၂၀၁၉

# မြန်မာနိုင်ငံ ကျေးလက်နေချေးငွေလိုအပ်သူများကို အသေးစားချေးငွေထုတ်ချေးပေးနိုင်ရေး အတွက် OPIC လက်မှတ်ရေးထိုး

ရန်ကုန်၊ မြန်မာ - အမေရိကန်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘဏ္ဍာရေးအကူအညီပေးရေးအဖွဲ့အစည်းဖြစ်သော နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း (OPIC) သည် မြန်မာနိုင်ငံရှိ ကျေးလက်နေချေးငွေလိုအပ်သူများ အဓိကအားဖြင့် ဧကနည်းလယ်သမားများ အတွက် အသေးစားချေးငွေထောက်ပံ့ပေးနိုင်ရန် အမေရိကန်ဒေါ်လာ ၈သန်းကတိကဝတ်စာချုပ်ကို Proximity Finance နှင့် ယနေ့ရေးထိုးလိုက်ပါသည်။ အဆိုပါစာချုပ်ကို OPIC အကြီးအကဲ အဲရစ်ဂျုန်းစ်၊ Proximity Designs အမှုဆောင်အရာရှိချုပ် ဂျင်မ်တိုင်လာနှင့် Proximity Finance ၏ ဘဏ္ဍာရေးအကြီးအကဲ ဒေါ်စိမ်းနွယ်ဦးတို့က လက်မှတ်ရေးထိုးခဲ့ပါသည်။ Proximity Finance ၏ ကာလရှည်ကြာလက်တွဲဖက်အဖွဲ့အစည်းဖြစ်သော Skoll Foundation ကလည်း ပူးတွဲထောက်ပံ့ငွေပမာဏထဲတွင် တစ်စိတ်တစ်ပိုင်းအနေဖြင့် ထပ်လောင်းရန်ပုံငွေ ဒေါ်လာ ၂သန်းကို ထည့်သွင်းပံ့ပိုးပေးထားသည်။
မြန်မာ့လယ်ယာကဏ္ဍတွင် တိုင်းပြည်ရှိစုစုပေါင်း လုပ်သားအင်အား၏ ၆၀% ဝင်ရောက်လုပ်ကိုင်လျက်ရှိပြီး လယ်ယာကဏ္ဍထုတ်ကုန်တန်ဖိုးသည် စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) ၏ ခန့်မှန်းခြေ ၃၀%မျှ ရှိပါသည်။ သို့ရာတွင် ကျေးလက်နေပြည်သူတို့ ချေးငွေရရှိရန် အခက်အခဲရှိနေခြင်းကြောင့် လယ်ယာကဏ္ဍတိုးတက်ရေးကို အဟန့်အတားဖြစ်စေပါသည်။ တရားဝင်ဘဏ္ဍာရေးဝန်ဆောင်မှုများမရရှိခြင်းကြောင့် ချေးငွေရယူသူများသည် တရားမဝင်ငွေချေးသူများထံမှ အတိုးနှုန်းကြီး၊ ကြီးဖြင့် ချေးယူရခြင်း၊ ၎င်းတို့ပိုင်ဆိုင်သော လယ်ယာနှင့် အခြားပိုင်ဆိုင်မှုများကို ပေါင်နှံကာချေးငွေရယူရခြင်းဖြင့် အရင်းအနှီးများကို ဖန်တီးကြရသည်။
Proximity Designs ၏ အသေးစားချေးငွေလုပ်ငန်းခွဲဖြစ်သော Proximity Finance သည် ဧကနည်းလယ်သမားများတွက် လိုအပ်သောချေးငွေများကို ထုတ်ချေးပေးလျက်ရှိကာ ကျေးလက်နေပြည်သူများအတွက် ဝန်ဆောင်မှုပေးနေသော လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကျေးလက်ကွန်ရက်မှတဆင့် အထူးချေးငွေများကို စိုက်ပျိုးချိန်တွင် ထုတ်ချေးပေးပြီး  ရိတ်သိမ်းချိန်တွင် ပြန်လည်ကောက်ယူခြင်းများကို ဆောင်ရွက်လျက်ရှိသော Proximity သည် လက်ရှိတွင် ချေးငွေလိုအပ်နေသော အိမ်ထောင်စု ၁၀၀,၀၀၀ကျော်ကို ဝန်ဆောင်မှုပေးနိုင်ကာ လာမည့်ငါးနှစ်တာကာလတွင် ယင်းပမာဏ၏ နှစ်ဆရှိသော အိမ်ထောင်စုအရေအတွက်ကို ချေးငွေအကြိမ်ရေပေါင်း ၁သန်းနီးပါး ထုတ်ချေးပေးနိုင်ရန် ရည်ရွယ်ထားသည်။ ရင်းနှီးမြှုပ်နှံထားသောကာလအတွင်း OPIC ၏ ဘဏ္ဍာရေးအထောက်အပံ့ဖြင့် အသေးစားချေးငွေပေါင်း ၁၀၀,၀၀၀ ကို ထပ်မံပံ့ပိုးပေးနိုင်မည်ဟု မျှော်လင့်ပါသည်။
Skoll Foundation နှင့် OPIC ပူးပေါင်းဆောင်ရွက်ခြင်းသည် ပူးတွဲဘဏ္ဍာရေးသဘောတူညီချက်သာဓကတစ်ခုဖြစ်ပြီး စီးပွားရေးနှင့် လူမှုရေးအကျိုးဖြစ်ထွန်းစေရေးအတွက် မတူညီသောအရင်းအနှီးများကို ပေါင်းစပ်အသုံးချသည့် ဆန်းသစ်သောရန်ပုံငွေပုံစံတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက်

ဆန်းသစ်သောအစီအမံများမှတစ်ခုဖြစ်သော ယခုပုံစံကြောင့် Proximity ၏ အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှုကို အကျိုးအမြတ်ရရှိစေခဲ့ပါသည်။ ယင်းပမာဏသည် ယခင်က အကြီးမားဆုံးရင်းနှီးမြှုပ်နှံခဲ့သောပမာဏထက် သုံးဆပိုမိုများပြားခဲ့ပါသည်။ OPIC ၏ ကတိကဝတ်ကြောင့် ကုမ္ပဏီ၏ ဖောက်သည်ထက်ဝက်ကျော်ကို ကိုယ်စားပြုသော အမျိုးသမီးများကို အကျိုးပြုသော စီမံချက်များအား ထောက်ပံ့ပေးနေသည့် 2X Women's Initiative အစီအစဉ်ကိုလည်း အထောက်အကူဖြစ်စေပါသည်။

"လွတ်လပ်ပြီး ပွင့်လင်းတဲ့ အာရှပစိဖိတ်ဒေသအဖြစ် လက်ရှိတည်ရှိနေဖို့ မြန်မာနိုင်ငံတွင်းက ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးကို ကူညီပေးသွားဖို့ အမေရိကန်ပြည်ထောင်စုက သန္ဓိဌာန်ချထားပါတယ်" ဟု အမေရိကန်သံအမတ်ကြီး စကော့မာစီရယ်က ပြောသည်။ "မြန်မာနိုင်ငံလို ထွန်းသစ်စဈေးကွက်ကရင်းနှီးမြှုပ်နှံသူတွေကို OPIC ကူညီထောက်ပံ့ပေးလာတာ နှစ်ပေါင်း၅၀နီးပါးရှိပါပြီ။ ပုဂ္ဂလိကကဏ္ဍနဲ့လက်တွဲလုပ်ကိုင်ပြီး တစ်ဖက်ကလည်း ပုဂ္ဂလိကကဏ္ဍကိုခိုင်မာရှင်သန်အောင် လုပ်ပေးတဲ့ OPIC ရဲ့လုပ်ငန်းပုံစံက မြင်တွေ့နေကျဖြစ်တဲ့ ဒေသတွင်းနိုင်ငံတွေကအစိုးရတွေရဲ့စီမံခန့်ခွဲမှုပုံစံနဲ့တော့ ကွဲလွဲနေတာ အမှန်ပါပဲ။"

"ထွန်းသစ်စ စျေးကွက်တွေမှာ အားလုံးပါဝင်နိုင်တဲ့ ဘဏ္ဍာရေးစနစ်ဟာ မကြာသေးခင် နှစ်တွေအတွင်းမှာ တိုးတက်လာခဲ့ပေမဲ့ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ကျေးလက်လူထုအနေနဲ့ကတော့ အထူးသဖြင့် သူတို့တစ်တွေရဲ့ထူးခြားတဲ့ လိုအပ်ချက်တွေကြောင့် တရားဝင် ဘဏ္ဍာရေးဝန်ဆောင်မှုတွေက ဝန်ဆောင်မှုအပြည့်အဝ မပေးနိုင်ဘဲ ဖြစ်နေတယ်" ဟု OPIC ၏ ယာယီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဒေးဗစ် ဘိုဟီဂျန်က ပြောပါသည်။ "သူတို့အတွက် အတိုးနှုန်းနည်းနည်းနဲ့ ချေးငွေတွေကို တိုးချဲ့ထုတ်ချေးပေးခြင်းအားဖြင့် OPIC ရဲ့ Proximity နဲ့ မိတ်ဖက်လုပ်ဆောင်မှုဟာ ဇကနည်း လယ်သမားများကို သူတို့လယ်တွေ အထွက်တိုးလာအောင် လုပ်ပေးနိုင်သလို သူတို့လုပ်ငန်းကိုလည်း တိုးချဲ့နိုင်လာအောင်လည်း လုပ်ပေးနိုင်မယ်။ ပြီးတော့ သူတို့ရပ်ရွာတွေလည်း စည်ပင်ဝပြောလာစေမယ်" ဟု သူကပြောပါသည်။

"လောလောဆယ် တရားဝင် ငွေချေးကဏ္ဍက အပြည့်အဝ ထုတ်ချေးမပေးနိုင်သေးတဲ့ စွန့်ဦးတီထွင်လယ်သမားတွေအတွက် အကြိမ်ရေတစ်သန်းနီးပါးလောက်ကို Proximity Finance ကနေ လာမယ့်ငါးနှစ်အတွင်းမှာ ထုတ်ချေးသွားပါမယ်" ဟု Proximity Finance ၏ အမှုဆောင်အရာရှိချုပ် ဟက်ဗစ်ဆန်းဘာ့ဂ်က ပြောပါသည်။ "ဒီလိုလုပ်ဆောင်မှုဟာ OPIC နဲ့ Skoll Foundation တို့အနေနဲ့ ဒီပန်းတိုင်ကိုတက်လှမ်းနိုင်ဖို့အတွက် အရေးကြီးတဲ့ ခြေလှမ်းတစ်လှမ်းပါပဲ။ ပြီးတော့ ဒါဟာ ဆန်းသစ်မှုရဲ့စံနမူနာတစ်ခု ဖြစ်ပါတယ်။ ပူးတွဲရင်းနှီးမြှုပ်နှံမှုဟာ အနာဂတ်မှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်တာမှာ အများကြီးပိုပြီး ထိရောက်လာလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်" ဟု သူကပြောပါသည်။

*****

OPIC

နိုင်ငံခြား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (Overseas Private Investment Corporation: OPIC) သည် မိမိခြေထောက်ပေါ်တွင် မိမိဘာသာရပ်တည်နေသော အမေရိကန် အစိုးရဌာနဖြစ်ပြီး ထွန်းသစ်စဈေးကွက်များတွင် အမေရိကန် စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရာ၌ အကူအညီပေးပါသည်။  ၁၉၇၁ ခုနှစ်တွင် တည်ထောင်ခဲ့သော OPIC သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်နေသော အန္တရာယ်များကို စီမံဖြေရှင်းရန်အတွက် စီးပွားရေးလုပ်ငန်းများအား လိုအပ်သည်များကို ကူညီထောက်ပံ့ပေးသည်။ ထွန်းသစ်စဈေးကွက်နိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးအောင် အားဇ

ပးကူညီသည်။ ထို့ပြင် အမေရိကန် နိုင်ငံခြားရေးမူဝါဒနှင့် အမျိုးသားလုံခြုံရေးဦးစားပေးမူဝါဒများကို အားပေးမြှင့်တင်ပေးသည်။ စျေးကွက်သစ်များတွင် အမေရိကန် စီးပွားရေးလုပ်ငန်းများ ခြေကုပ်ရစေရန်၊ ဝင်ငွေသစ်ရစေရန်၊ ပြည်တွင်းရော ပြည်ပမှာပါ အလုပ်အကိုင်များနှင့် စီးပွားဖွံ့ဖြိုးမှုအခွင့်အလမ်းသစ်များ ပေါ်ထွန်းလာစေရန် OPIC က ကူညီပေးပါသည်။ စီးပွားရေးလုပ်ငန်းများအား ငွေကြေးအရလည်းကောင်း၊ နိုင်ငံရေးအရ ဆုံးရှုံးနိုင်ဖွယ်ရှိသော အာမခံကြေးအရလည်းကောင်၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ စီမံခန့်ခွဲသူများနှင့် မိတ်ဖက်ပြု၍လည်းကောင်း OPIC သည် ယင်း၏တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။
ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၁၆၀ ကျော်၌ ရင်းနှီးမြှုပ်နှံမှုအသစ်များ လုပ်ကိုင်လိုသောလုပ်ငန်းများနှင့် လုပ်ငန်းတိုးချဲ့လိုသောလုပ်ငန်းများသည် OPIC ထံမှ ဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။ ယင်း၏လုပ်ကိုင်ပေးမှုများအတွက် စျေးကွက်အခြေပြုအခကြေးငွေ ကောက်ယူသောကြောင့် OPIC သည် မိမိခြေထောက်ပေါ်တွင် မိမိဘာသာရပ်တည်နိုင်ပြီး အခွန်ထမ်းပြည်သူများထံမှ ငွေကြေးရယူစရာ မလိုပါ။ OPIC ၏ လုပ်ငန်းအားလုံးသည် နိုင်ငံတကာကျင့်ထုံးများနှင့် ညီညွတ်ရမည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတွင် အလုပ်အကိုင်ဆုံးရှုံးခြင်းလည်း မဖြစ်စေရပါ။

Proximity Designs

Proximity Designs သည် ဆုတံဆိပ်များရရှိထားသော မြန်မာနိုင်ငံအခြေစိုက် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်း တစ်ခုဖြစ်သည်။ စျေးနှုန်းချိုသာပြီး၊ ဝင်ငွေတိုးတက်စေမည့် ထုတ်ကုန်ပစ္စည်းများကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ရောင်းချခြင်းဖြင့် ကျေးလက်နေတောင်သူမိသားစုများ၏ ကိုယ်ထူကိုယ်ထစီးပွားရေးလုပ်ငန်းရှင်စိတ်ဓာတ်ကို ကူညီမြှင့်တင်ပေးလျက်ရှိသည်။ လုပ်ငန်းကို ၂၀၀၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဝင်ငွေနည်းပါးသည့်တောင်သူမိသားစုများ စီးပွားရေးအကျိုးအမြတ် ဖြစ်ထွန်းစေရန်အတွက် စိုက်ပျိုးနည်းပညာ၊ စိုက်ပျိုးရေးပညာပေးခြင်းနှင့် စိုက်ပျိုးချေးငွေလုပ်ငန်း တို့ ပါဝင်သည့် မြန်မာ့အကြီးဆုံးစိုက်ပျိုးရေးဝန်ဆောင်မှုများဆိုင်ရာမဏ္ဍိုင်တစ်ခုကို တည်ထောင်ခဲ့ပါသည်။ အဆိုပါ မဏ္ဍိုင်မှတစ်ဆင့် လက်ရှိဝန်ဆောင်မှုရယူထားသည့် တောင်သူပေါင်း ၅၅၀၀၀၀ အပြင် တစ်နှစ်လျှင် တောင်သူ ၁၀၀၀၀၀ ကျော်ကို ချိတ်ဆက်ပြီးဝန်ဆောင်မှုများပေးလျက်ရှိသည်။ အကျိုးရလဒ်အဖြစ် တစ်နှစ်လျှင် ပျမ်းမျှဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅၀ အထိ ပိုမိုရရှိလာပြီး ၎င်းပမာဏသည် တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ၃ ဒေါ်လာအောက်သာသုံးစွဲနေနိုင်သည့် မိသားစုများအတွက် ဘဝအပြောင်းအလဲကိုဖြစ်စေနိုင်သော ငွေပမာဏတစ်ခုဖြစ်သည်။

၂၀၁၂ ခုနှစ် တွင် Proximity Designs ၏ စီးပွား ရေးလုပ် ငန် းခွဲတစ် ခုဖြစ် သည့် Proximity Finance သည် ဇကနည် း တောင် သူများအတွက် အလွန် လိုအပ် လျက် ရှိသည့် ပြန် ဆပ် ရန် လွယ်ကူ သော ချေး ငွေများကို စတင် မိတ် ဆက် ခဲ့သည် ။ ကျေးလက်နေမိသားစုများ၏ မတူညီသောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အတိုးနှုန်းနည်းနည်းနှင့်ချေးငွေပုံစံများကို ပေးအပ်လျက်ရှိပြီး ၎င်းတို့မှာ သီးနှံချေးငွေ၊ အသေးစား စီးပွားရေးလုပ်ငန်းချေးငွေ၊ မွေးမြူရေးချေးငွေနှင့် ရွှေ့ပြောင်းချေးငွေတို့ဖြစ်သည်။ အဆိုပါ ထူးခြားသည့်ချေးငွေပုံစံလေးခုသည် တောင်သူလယ်သမားမိသားစုများနှင့် ကျေးလက်နေ စီးပွားရေးလုပ်ငန်းရှင်များကို ၄င်းတို့၏ စီးပွားရေးတည်ငြိမ်မှုရှိစေရန်၊ အတိုးနှုန်းမြင့်မားသည့်ချေးငွေများကိုချေးယူခြင်းမပြုရန်နှင့် ပိုမိုမြင့်မားကောင်းမွန်သည့် ငွေကြေးဆို

င်ရာအခြေအနေတစ်ရပ်ဆီသို့ တိုးတက်လာစေရန်ကူညီပေးလျက်ရှိသည်။

###ပြီး###